

## သင်နှင့် သင့်ကျန်းမာရေးကြားတွင် အရာများစွာ ဖြစ်လာနိုင်ပါသည်။

ဆရာဝန်၏ ရက်ချိန်းများအတွက် အချိန်ပေးခြင်း၊ ဈေးသင့်တင့်၍ အာဟာရရှိသော အစားအသောက်များ ရှာဖွေ၍ ပြင်ဆင်ခြင်း၊ လေ့ကျင့်ခန်း၊ သတိပဋ္ဌာန် ကဲ့သို့သော ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုများအတွက် အချိန်ပေးခြင်းနှင့် သူငယ်ချင်းများနှင့် အချိန်ကုန်ဆုံးခြင်း၊ ဆေးသောက်သည့်အချိန် သို့မဟုတ် သောက်သည့် အကြိမ်ရေကို အမှတ်ရခြင်း အစရှိသဖြင့် နောက်ထပ်များစွာ။

## စိတ်ရှုပ်နေသလို ခံစားရလည်း အဆင်ပြေပါတယ်။

သင့်ကျန်းမာရေး ပိုမိုတိုးတက်ကောင်းမွန်စေအောင်နှင့် တတ်နိုင်သမျှ ကျန်းမာနေစေအောင် အာရုံမစိုက်နိုင်စေရန် အတွက် သင့်ကို တားဆီးနေသည့်အရာကို သင်နားလည် အောင် ကူညီပေးရန်နှင့် အဖြေများ ရှာဖွေရာတွင် သင့်ကို ကူညီပံ့ပိုးရန် ကျွန်ုပ်တို့ ရှိနေပါသည်။

## UVM Health
## ပြုစုစောင့်ရှောက်မှု စီမံခန့်ခွဲရေး

**ဖွင့်လှစ်ချိန်**
တနင်္လာနေ့-သောကြာနေ့
နံနက် 8:00 နာရီ – ညနေ 4:30 နာရီ

**ဖုန်း**
အခမဲ့ဆက်သွယ်နိုင်သော ဖုန်းနံပါတ် 833-763-0652

**ဖက်စ်**
802-847-6545

**MyChart**
ကျန်းမာရေး အချက်အလက်များ ရှာဖွေရန် သို့မဟုတ် MyChart Online မှတဆင့် သင်၏ကျန်းမာရေး မှတ်တမ်းကို အဆင်ပြေစွာနှင့် စိတ်ချစွာ ဝင်ရောက်ရန် **UVMHealth.org/MyChart** သို့ ဝင်ရောက်ပါ သို့မဟုတ် **844-886-4325** မှတစ်ဆင့် ကျွန်ုပ်တို့ထံ ဖုန်းဆက်ပါ။

ACCREDITED
NCQA
CASE MANAGEMENT
3 YEARS

**UVMHealth.org**

**Healthier Communities.**
**Healthiest Lives.**
**Together.**

# ပြုစုစောင့်ရှောက်မှု စီမံခန့်ခွဲရေး

Care Management
BURMESE



သင့်ကျန်းမာရေးကို စီမံခန့်ခွဲရန်နှင့် ထောက်ပံ့မှုရယူ ရန် သွားရမည့် နေရာကို နားလည်ရန် ခက်ခဲပါသည်။ ၎င်းမှာ ကျွန်ုပ်တို့ Care Management အဖွဲ့က ကူညီနိုင်သည့် နေရာ ဖြစ်ပါသည်။

University of Vermont Health

"ရင်ဖွင့်သည်များကိုနားထောင်အကြံပေးနိုင်သူ အားပေးသူ၊ လမ်းညွှန်သူအနေဖြင့် အသုံးပြုရန် ကျွန်ုပ်အတွက် လူတစ်ဦး ရရှိနိုင်ပြီး ကျွန်ုပ် ဖြတ်ကျော်ခဲ့သည့် လုပ်ငန်းစဉ်ကို နားလည်သဘောပေါက်နိုင်သည့် လူတစ်ဦးကို ရရှိနိုင်ခြင်းမှာ ကြီးမားသည့် ခြားနားမှု ဖြစ်စေခဲ့ပါသည်။ ဤအစီအစဉ်ကို အလေးအနက်ထောက်ခံပါသည်..."

**— Care Management ပါဝင်သူထံမှ ကိုးကားချက်**

## Care Management မှ မည်သို့ ကူညီပံ့ပိုးမှု ရရှိနိုင်သနည်း။

**သင့်ကျန်းမာရေးနှင့် ကောင်းကျိုးသုခကို သက်ရောက်နေသည့် ပြဿနာများနှင့် ပတ်သက်၍ သင်၏ကျန်းမာရေး စောင့်ရှောက်မှု ပေးသူကို အသိပေးရန် အရေးကြီးပါသည်။** သို့မဟုတ် သင်၏ စောင့်ရှောက်မှု စီမံချက်ကို လိုက်နာရန် အခက်အခဲ ရှိနေပါက အသိပေးရန် အရေးကြီးပါသည်။ Care Management ကူညီပံ့ပိုးမှုမှ အကျိုးကျေးဇူး ရရှိနိုင်ခြင်း ရှိမရှိ သင်၏ပံ့ပိုးပေးသူထံ မေးမြန်းနိုင်ပါသည်။ သို့မဟုတ် သင်၏ပံ့ပိုးသူသည် ထိုကိစ္စနှင့် ပတ်သက်၍ သင်နှင့် စတင်ဆွေးနွေးနိုင်ပါသည်။

**စောင့်ရှောက်ရေး မန်နေဂျာတစ်ဦးက သင့်အတွက် အကောင်းဆုံး ဖြစ်စေမည့် ဝန်းကျင်တွင် တွေ့ဆုံမှုကို စီစဉ်ပေးရန် သင့်ထံသို့ ဆက်သွယ်ပါမည်** – ဖုန်းဖြင့်၊ ဗီဒီယိုမှတဆင့် သို့မဟုတ် လူကိုယ်တိုင်။ ပထမအကြိမ် တွေ့ဆုံရာတွင် သင်၏ စောင့်ရှောက်ရေး မန်နေဂျာက သင်၏ စိုးရိမ်ပူပန်မှုများ၊ သင့်စောင့်ရှောက်မှုကို တားဆီးနေသည့် အရာနှင့် သင့်ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန် သို့မဟုတ် ထိန်းသိမ်းထားရန် လိုအပ်သည့် ပံ့ပိုးကူညီမှုတို့နှင့် ပတ်သက်၍ မေးမြန်းပါမည်။

**သင်၏လိုအပ်ချက်များသည် ဧရိယာများစွာကို လွှမ်းခြုံနိုင်ပါသည်။** သင်၏စောင့်ရှောက်ရေး မန်နေဂျာသည် UVM Health Network ၌ ပံ့ပိုးရေး ဝန်ဆောင်မှုများနှင့် အစီအစဉ်များ၊ ကျွန်ုပ်တို့ မပံ့ပိုးပေးသည့် သင့်အသိုင်းအဝိုင်းရှိ ဝန်ဆောင်မှုများနှင့် သင့်ကို ချိတ်ဆက်ပေးနိုင်ပါသည်။

**ကျွန်ုပ်တို့က ရည်မှန်းချက်များ သတ်မှတ်ရန်** နှင့် ၎င်းတို့ ပြည့်မီစေရန် စီမံချက်များ ချမှတ်ရာတွင် သင်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်ပါမည်။ သင့်ကျန်းမာရေးအတွက် သင်ထားရှိသည့် ရည်မှန်းချက်များသည် သင့်စီမံချက်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။

## ကျွန်ုပ်တို့၏ ဦးစားပေးမှုများမှာ အောက်ပါတို့တွင် သင့်ကို ကူညီပံ့ပိုးရန် ဖြစ်ပါသည်။

- သင့်ကျန်းမာရေးနှင့် ဘဝအရည်အသွေး ပိုမိုကောင်းမွန်စေရေးတွင်
- သင်၏ကာလရှည် ကျန်းမာရေး စိုးရိမ်ပူပန်မှုများနှင့် အခြေအနေများအား စောင့်ရှောက်မှုပေးရာတွင်
- သင့်အား အဓိက စောင့်ရှောက်မှုပေးသူနှင့် ကျွမ်းကျင်သူများနှင့် အနီးကပ် အလုပ်လုပ်ရာတွင်
- သင်နှင့် သင့်မိသားစုကို ကူညီပံ့ပိုးရန် လူထုရင်းမြစ်များ ရှာဖွေရာတွင်

## Care Management အဖွဲ့သည် မည်သည်ကို လုပ်ဆောင်သနည်း။

**Care Management အဖွဲ့သည် သင်နှင့် သင်၏ ကျန်းမာရေး စောင့်ရှောက်မှု ပေးသူ(များ)နှင့် အနီးကပ် လုပ်ကိုင်ဆောင်ရွက်ပါသည်။**

ကျွန်ုပ်တို့သည် အောက်ပါတို့ကို အတူတကွ လုပ်ကိုင်ဆောင်ရွက်ပါမည်။

- သင့်ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန် ရည်မှန်းချက်များ ချမှတ်ပါမည်
- သင်နှင့် သင်၏ပံ့ပိုးပေးသူက ပြုလုပ်ခဲ့သည့် စောင့်ရှောက်ရေး စီမံချက်ကို သင်အပြည့်အဝ နားလည်သဘောပေါက်၍ လိုက်နာနိုင်စေပါမည်
- သင်သည် ဆေးဝါးများ မည်သို့သောက်သုံးရမည်ဖြစ်ကြောင်းကို သိရှိကြောင်း အတည်ပြုရန်နှင့် ပေးချေရာတွင် အထောက်အကူဖြစ်စေရန် ပိုမိုအဖိုးအခ သက်သာသည့် ရွေးချယ်စရာများ သို့မဟုတ် အစီအစဉ်များ ရှာဖွေရန် ဆေးဝါးများကို ပြန်လည်စိစစ်ပါမည်
- သင် ပြန်လည်ကောင်းမွန်လာအောင် ကူညီပံ့ပိုးမည်ဖြစ်ပြီး ဆေးရုံ ဆင်းပြီးနောက် သို့မဟုတ် အရေးပေါ်အခန်း ဝင်ပြီးနောက် သင်လိုအပ်သမျှတိုင်းကို ရရှိစေပါမည်
- အထူးသဖြင့် ဆေးရုံ ဆင်းပြီးနောက် သို့မဟုတ် အရေးပေါ်အခန်း ဝင်ပြီးနောက် သင်၏ကျန်းမာရေးအတွက် ပြုလုပ်သော ရက်ချိန်းများသို့ လာရောက်နိုင်စေရန် ပို့ဆောင်ရေး ရွေးချယ်စရာများ ပံ့ပိုးပေးပါမည်
- သင့်ကျန်းမာရေးကို စီမံခန့်ခွဲရာတွင် ကူညီရန် ကိရိယာများ၊ ရင်းမြစ်များနှင့် ပံ့ပိုးမှု ပေးပါမည်

## Care Management အဖွဲ့တွင် မည်သူတို့ ပါဝင်သနည်း။

**သင်၏ Care Management အဖွဲ့တွင် အောက်ပါတို့ ပါဝင်ပါသည်။**

- သင်
- သင်၏ကျန်းမာရေး စောင့်ရှောက်မှုပေးသူ(များ)
- သင့်မိသားစု/ပြုစုစောင့်ရှောက်သူ (တစ်ယောက်ရှိပါက)
- စောင့်ရှောက်ရေး မန်နေဂျာများ
- အခြားစောင့်ရှောက်မှု ကျွမ်းကျင်သူများနှင့် ပံ့ပိုးပေးသူများ

## မည်သူသည် Care Management အဖွဲ့မှ အကူအညီကို လက်ခံရရှိနိုင်သနည်း။

**ကျွန်ုပ်တို့သည် အရွယ်ရောက်သူများ၊ ကလေးများ၊ မိသားစုများ၊ ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများ... လူတိုင်း ကို ဆောင်ရွက်ပေးပါသည်။**

## Care Management အဖွဲ့ ဝန်ဆောင်မှုများမှ အကောင်းဆုံးကို မည်သို့ ရရှိသနည်း။

**သင်သည် အောက်ပါတို့ကို လိုက်နာပါက Care Management အဖွဲ့မှ သင်လက်ခံရရှိသည့် ကူညီပံ့ပိုးမှုသည် အအောင်မြင်ဆုံး ဖြစ်ပါမည်။**

- သင့်အကြောင်း သိလာအောင် ကျွန်ုပ်တို့ကို ကူညီပါက။ သီးသန့် ကျန်းမာရေး သို့မဟုတ် ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များအကြောင်း ပြောကြားရန် ခက်ခဲနိုင်သည်ကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ပါသည်။ သင်လိုအပ်သည့်အရာ သို့မဟုတ် သင်၏စောင့်ရှောက်မှုကို တားဆီးနေသည့် တစ်စုံတစ်ခုနှင့် ပတ်သက်၍ သင်၏ စောင့်ရှောက်ရေး မန်နေဂျာနှင့် ဆွေးနွေးပြောဆိုခြင်းသည် မှန်ကန်သည့် ကူညီပံ့ပိုးမှုဖြင့် သင့်ကို ချိတ်ဆက်ပေးနိုင်အောင် ကျွန်ုပ်တို့ကို အထောက်အကူပေးပါသည်။ ထင်မြင်ချက်မပေးဘဲ ဖြစ်နိုင်သမျှ အကောင်းဆုံး စောင့်ရှောက်မှု ပေးရန် ကျွန်ုပ်တို့ ရှိနေပါသည်။
- သင့်စောင့်ရှောက်မှုနှင့် ပတ်သက်၍ တစ်စုံတစ်ခုကို သင်နားမလည်ပါက သို့မဟုတ် မေးမြန်းစရာများ ရှိပါက ကျွန်ုပ်တို့ကို အသိပေးပါ။
- သင်၏ ကျန်းမာရေး စောင့်ရှောက်မှုပေးသူနှင့်အတူ သင်ရေးဆွဲခဲ့သည့် စောင့်ရှောက်ရေး စီမံချက်ကို လိုက်နာရန် ခက်ခဲနေပါက အသိပေးပါ။
- ဤဝန်ဆောင်မှုကို မလိုအပ်တော့ပါက သင်၏ပံ့ပိုးသူ သို့မဟုတ် စောင့်ရှောက်ရေး မန်နေဂျာထံ ပြောပြပါ။
- ခါတိုင်းကဲ့သို့ပင် ကျွန်ုပ်တို့က သင့်ကို လေးစားစွာ ဆက်ဆံမည်ဖြစ်ပြီး သင့်အနေဖြင့်လည်း ကျွန်ုပ်တို့ကို အလားတူ ဆက်ဆံရန် တောင်းဆိုပါမည်။

**သင်၏ လူနာအခွင့်အရေးများနှင့် တာဝန်များကို အွန်လိုင်းရှိ UVMHealth.org/Care-Management တွင် တွေ့ရှိနိုင်ပါသည် သို့မဟုတ် မိတ္တူအတွက် သင်၏ စောင့်ရှောက်ရေး မန်နေဂျာထံ တောင်းဆိုနိုင်ပါသည်။**